**COVID-19 ကာလအတွင်း မြေယာသိမ်းဆည်းမှုနှင့် အကြီးစားစီမံကိန်း အကောင်အထည် ဖော်ဆောင်ခြင်းအပေါ် သဘောထားထုတ်ပြန်ချက်**

**ရက်စွဲ။ ။၂၀၂၀ခုနှစ်၊ ဇူလိုင်လ၊ ၂၉ရက်**

၁။ ၂၀၂၀ခုနှစ်၊ ဇူလိုင်လ၊ (၁၅)ရက်နေ့အထိ WHOဖော်ပြချက်အရ ကမ္ဘာ့ကပ်ရောဂါ (COVID – 19) ပြန့်နှံ့မှုအခြအနေတွင် တစ်ကမ္ဘာလုံးကူစက်ခံရသူဦးရေစုစုပေါင်း (**၁၆၈၉၃၅၃၂**) ဦး၊ သေးဆုံးသူစုစုပေါင်း(**၆၆၃၄၇၆**)ဦးနှင့် ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (**၁၀၄၅၆၃၉၈နီးပါး**) ဦးရှိပြီး လက်ရှိမြန်မာနိုင်ငံတွင်လည်း ဇူလိုင်လ (၂၉)ရက်နေ့အထိ သေဆုံးသူစုစုပေါင်း (**၆**)ဦး၊ ကူးစက်သူ စုစုပေါင်း(**၃၅၀**)ဦးနှင့် ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(**၂၉၃**)ဦးတို့ရှိနေသည်။

၂။ ကမ္ဘာ့ကပ်ရောဂါ(COVID19)ကြောင့် ပြည်သူလူထုမှာ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့်အခြားလူမှု ရေးကိစ္စအခက်အခဲများစွာ ကြုံတွေ့ခံစားနေကြရပါသည်။ ကမ္ဘာ့ကပ်ရောဂါကာလကို အခွင့်ကောင်းယူပြီး အစိုးရဌာနဆိုင်ရာတချို့သည်ပြည်သူပိုင်ယာမြေများကို သိမ်းပိုက်ရန်ကြိုးစားခြင်းနှင့် ကုမ္ပဏီသည်လည်း အကြီးစားစီမံကိန်း ဆက်လက်အကောင်အထည်ဖော်ခြင်းကြောင့် ဒေသခံပြည်သူများမှာ မိမိယာမြေနှင့် အိုးအိမ်များကို အသိမ်းပိုက်ခံ ဆုံးရှုံးရမည်ကိုစိုးရိမ်ကြပါသည်။

၃။ ကမ္ဘာ့ကပ်ရောဂါကြောင့် လူစုလူဝေးမလုပ်ရ ကာလအတွင်း နမ့်ခမ်းမြို့နယ်၊ မန်စပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် - ပြင်ပအတွင်းရှိ မိရိုးဖလာ ဘိုးဘွားပိုင်ယာမြေများအား လုပ်ပိုင်ခွင့်ရရှိရန် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေအဖြင့် လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ့်ခမ်းမြို့၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးမှ အသိပေးအကြောင်းကြားခဲ့ပါသည်။

၄။ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်သူလူထုများစားဝတ်နေရေးနှင့် အခြားအခက်အခဲ ကြုံတွေ့နေရသည့်အချိန် ကာလတွင် ဌာနဆိုင်ရာများ၊ လက်နက်ကိုင်အဖွဲ့အစည်း၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ခရိုနီတို့သည် ပြည်သူလူ၏အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရမည့်အစား ပြည်သူပိုင်ယာမြေ၊ အိုးအိမ်နှင့် အခြားအသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို ထိခိုက်၊ ပျက်စီး၊ ဆုံးရှုံးသွားစေမည့်လုပ်ရပ်များကို တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့နှင့် တအာင်းအမျိုးသမီးအဖွဲ့အစည်းတို့မှ ကန့်ကွက်ရှုံ့ချပါသည်။

- ကမ္ဘာ့ကပ်ရောဂါကာလအတွင်းတွင် ပြည်သူပိုင်ယာမြေသိမ်းဆည်းမှု စီမံချက်လုပ်ငန်းများနှင့် ဖော်ဆောင်နေသော အကြီးစားစီမံကိန်းများနှင့် ကို ရပ်ဆိုင်းပေးရန်။
- နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အတိုင်း တပ်သိမ်းမြေနှင့် ကုမ္ပဏီသိမ်းမြေများကို ပြည်သူပိုင် လက်ထဲတွင် လွှဲပြောင်းပေးရန်။
- ကမ္ဘာ့ကပ်ရောဂါ ကြိုတင်ကာကွယ်မှုစီမံကိန်းနှင့် ပြည်သူလူထု၏စားဝတ်နေရေးပြေလည်စေရေးကို နိုင်ငံတော်အစိုးရမှ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးရန်။
- ကမ္ဘာ့ကပ်ရောဂါကြိုတင်ကာကွယ်မှုစီမံချက်နှင့် ပတ်သက်၍ အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများအကြား ဖြစ်ပွားနေသည့်ပြဿနာများကို စီစစ်အရေးယူဆောင်ရွက်ပေးရန်။

**ဆက်သွယ်ရန်**

၀၉ ၂၅၇ ၇၂၆ ၇၁၃

၀၉ ၄၂၁ ၉၃၀၉ ၇၇

**ပါဝင်သည့်အဖွဲ့အစည်းများ**

(၁) တအာင်းဥပဒေ အထောက်အကူပြုအဖွဲ့